# ဖီးဖြူကျေးရွာ

# လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖီးဖြူကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီ လ

## မာတိကာ


**မာတိကာ**

**စကားချီး**

**ဇီးဖြူကျေးရွာ သယံဇာတပြမြေပုံ**

**ဇီးဖြူကျေးရွာ ရာသီခွင်ပြမြေပုံ**

**ဇီးဖြူကျေးရွာ (Venn Diagram) အဖွဲ့အစည်းပြမြေပုံ**

**အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့်   အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ  အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ  (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ  စာရင်း

နောက်ဆက်တွဲ  (၂) ကျေးရွာဖွံ့ဖြိုးရေး  အထောက်အကူပြု  ဇယားများ

နောက်ဆက်တွဲ  (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ  တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**ဧပြီလ ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဇီးဖြူကျေးရွာ**
**လပွတ္တာမြို့နယ်**

# ဒီးဖြူကျေးရွာ သယံဇာတပြမြေပုံ၊ လပွတ္တာမြို့နယ်



# ဇီးဖြူကျေးရွာ ရာသီခွင်ပြမြေပုံ၊ လပွတ္တာမြို့နယ်

လပွတ္တာမြို့နယ် [illegible] ဇီးဖြူကျေးရွာ . ရာသီခွင်ပြမြေပုံ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | နည်း | သင့် | ရှိ | ရှိ | သင့် | သင့် | ရှိ | ရှိ | ရှိ | သင့် | မရှိ | မရှိ |
| မိသားစုဝင်ငွေ | နည်း | နည်း | သင့် | သင့် | နည်း | နည်း | သင့် | သင့် | ရှိ | ရှိ | သင့် | မရှိ |
| အသုံးစရိတ် | နည်း | နည်း | သင့် | များ | များ | နည်း | သင့် | များ | များ | သင့် | နည်း | နည်း |
| ချေးငွေ လိုအပ်မှု | သင့် | သင့် | ရှိ | ရှိ | သင့် | နည်း | နည်း | ရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ဝမ်းစာ ပြတ်လပ်မှု | သင့် | နည်း | မရှိ | မရှိ | မရှိ | မရှိ | မရှိ | သင့် | ရှိ | ရှိ | ရှိ | သင့် |
| သောက်သုံးရေ ရရှိမှု | သင့် | နည်း | နည်း | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | သင့် |
| [illegible]အစားအစာ ရရှိမှု | သင့် | ရှိ | ရှိ | သင့် | သင့် | သင့် | သင့် | သင့် | ရှိ | ရှိ | ရှိ | သင့် |
| [illegible]ရောဂါ ကျရောက်မှု | ရှိ | သင့် | ရှိ | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ |
| ကျန်းမာရေး အခြေအနေ | သင့် | သင့် | သင့် | ရှိ | ရှိ | နည်း | နည်း | သင့် | သင့် | သင့် | သင့် | သင့် |
| သီးနှံပိုးမွှား ကျရောက်မှု | မရှိ | သင့် | သင့် | ရှိ | ရှိ | ရှိ | ရှိ | သင့် | သင့် | သင့် | သင့် | မရှိ |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | မရှိ | [illegible] | မရှိ | မရှိ | [illegible] | ကထိန် | ဘုရားပွဲ | [illegible] | မရှိ | တပေါင်းပွဲ |
| သဘာဝဘေးအန္တရာယ် ကျရောက်မှု | နည်း | သင့် | ရှိ | ရှိ | သင့် | နည်း | ရှိ | ရှိ | သင့် | နည်း | နည်း | နည်း |
| ရာသီဥတု | တိမ်အသင့်အတင့် | တိမ်အသင့်အတင့် | မိုးအနည်းငယ် | မိုးများ / လေပြင်းတိုက် | မိုးများ / လေပြင်းတိုက် | မိုးများ | မိုးအနည်းငယ် | မိုးအနည်းငယ် / လေပြင်းတိုက် | တိမ်ထူ | သာယာ | သာယာ | သာယာ |

- သာယာ
- တိမ်အသင့်အတင့်
- တိမ်ထူ
- မိုးအနည်းငယ်
- မိုးများ
- လေပြင်းတိုက်

# ဇီးဖြူကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဇီးဖြူကျေးရွာသည် ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ မြစ်ပေါက်ကျေးရွာအုပ်စုတွင် တည်ရှိသည်။ ကျေးရွာသည် လပွတ္တာမြို့နှင့် ရေမိုင် (၁၂)မိုင် ခန့်ကွာဝေးပြီး ရေလမ်းခရီးတစ်ခုတည်းဖြစ်သာ ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာတည်နေရာသည် ပြာမလေ့မြစ်၏ အရှေ့ဘက်ခြမ်းဖြစ်၍ လပွတ္တာမြို့၏ အရှေ့တောင်အရပ်မှာ တည်ရှိပါသည်။ ဇီးဖြူကျေးရွာအပါအဝင် ကျေးရွာပေါင်း(၁၁)ရွာ ရှိသော ကျွန်းကြီးတစ်ကျွန်းဖြစ်၍ ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများရှိပါသည်။ လယ်ကွင်းများအဆုံး၌ ထန်းပင်ချောင်းကျေးရွာနှင့် ကကရံမြစ်၊ အနောက်ဘက်တွင် ပြာမလေ့မြစ်ဖြစ်ပြီး တောင်ဘက်တွင် ကြောင်လျှာကျေးရွာ၊ အဖပိတ်ကျေးရွာနှင့် ကကရံမြစ်ဝတို့ တည်ရှိကြပါသည်။ ကျေးရွာချင်းဆက်လမ်း သီးသန့်မရှိပါ။ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသော ဒီရေတော တာတမံကိုသာ ပွင့်လင်းရာသီ အချိန်၌ ကျေးရွာချင်းဆက်လမ်းအဖြစ် အနည်းအကျဉ်း အသုံးပြုကြပါသည်။ အများစုမှာ လှေ၊ စက်လှေဖြင့်သာ အသုံးပြုသွားလာ ကြပါသည်။ ကျေးရွာတွင် ဗမာလူမျိုး အများစုနှင့် ကရင်လူမျိုးအနည်းစုနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျမ်းမျှ နေပူချိန်(၃၂.C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ် လများတွင် မိုးများသောကြောင့် မိုးရေကောင်းစွာရရှိပါသည်။ မိုးများ၍လယ်ကွင်းနှင့် ချောင်းများမှ ရေမှတ်မြင့်တက်လာပါက ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော ဇီးဖြူရေတံခါး(၄)စုံ (၄)ပေါက်မှ လိုအပ်သော ရေမှတ်သို့ ထုတ်လွှတ်လျှော့ချပေးပါသည်။ ကျေးရွာတွင် လယ်သမားအများစု လယ်လုပ်သား၊ ငါးဖမ်းရေလုပ်သားများ နေထိုင်ကြပါ သည်။ ကျေးရွာတွင် စိုက်ပျိုးလယ်မြေ(၉၂၅.၈၃)ဧကရှိ၍ စိုက်ပျိုးမြေများ၏ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတုမြေဩစာ သုံးစွဲမှုသာလျှင် စပါးထွက်နှုန်းကောင်းမွန်ပါသည်။ ထိုကဲ့သို့ စပါးထွက်နှုန်းကောင်းမွန်ရန်အတွက် နှစ်စဉ် ဓါတုမြေဩဇာများ သုံးစွဲမှုကြောင့် ယခုအခါဒေသမျိုးရင်းဖြစ်သော ပေါ်ဆန်းစပါးများမှာ အရည်အသွေးများ ကျဆင်းလာသည်ကို လယ်သမားများကြုံတွေ့ခံစားလာရသည်။ ၎င်းသက်ရောက်မှုကြောင့် စပါးဈေးနှုန်းများ ကျဆင်းလာ၍ လယ်သမားများသွင်းအားစု မြင့်တက်၍ အကျိုးအမြတ်နည်းပါးလာပါသည်။

ပြာမလေ့မြစ်အတွင်း ငါးသလောက်ပိုက်မျှော ရေလုပ်သားများမှာလည်း ငါးသယံဇာတအရင်းအမြစ်များ တစ်နှစ်ထက်တစ်နှစ် ဆုတ်ယုတ်လျော့နည်းလာခြင်းကြောင့် မိသားစု စားဝတ်နေရေး ဖြေရှင်းရန်ပင် အခက်အခဲရှိလာနေကြပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ကျား ၆ဦး + မ ၃ ဦး)သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့ (ကျား၂၀ဦး + မ၂၀ဦး)သည် ကျေးရွာစာသင်ကျောင်း ရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ ဘာသာရေးအဖွဲ့(ဗုဒ္ဓ)(ကျား၅၀ဦး + မ၅၀ဦး)၊ ဘာသာရေး အဖွဲ့(နှစ်ခြင်းခရစ်ယာန်) (ကျား၂၀ဦး + မ၂၀ဦး)၊ ဘာသာရေးအဖွဲ့ (ကသရစ် ခရစ်ယာန်) (ကျား၁၀ဦး + မ၁၀ဦး)အဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း များတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကျန်းမာရေးအဖွဲ့မှာ (ကျား- ၈ဦး + မ- ၇ဦး)သည် ကျန်းမာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အရန်မီးသတ်တပ်ဖွဲ့မှာ( ကျား-၁၀ဦး) ရှိပြီး ကျေးရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်း များကို လုပ်ဆောင်ကြပါသည်။

အခြားဘာသာရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အခါအားလျော်စွာ ဖြစ်ပေါ်လာသော အခြေအနေကိုလိုက်၍ ယာယီအဖွဲ့များဖွဲ့စည်းဆောင်ရွက်စုပေါင်း ဖြေရှင်းကြပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ယခင်နာဂစ်လွန်ပြန်လည်ထူထောင်ရေးကာလ၌ NGO အဖွဲ့ အစည်းများ ဝင်ရောက်ချိတ်ဆက်၍ ကျေးရွာပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးမှုများ ရှိခဲ့သော်လည်း ယခုအခါတွင် လာရောက်ချိတ်ဆက်ခြင်း ဆောင်ရွက် ပေးခြင်းများ မရှိတော့ပါ။ လက်ရှိအခြေအနေတွင် ပုဂ္ဂလိကအလှူရှင်တစ်ဦး၏ ပံ့ပိုးမှု ကျေးရွာ၏ ငွေကြေး၊ လုပ်အားပူးပေါင်းပါဝင်မှုဖြင့် မြစ်ဆိပ်ဆင်း ဆိပ်ကမ်းကပ်တံတား တစ်စင်းတည်ဆောက်နေဆဲဖြစ်ပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ဇီးဖြူကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၅) အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၇) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၁၅) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၃၀) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ ရေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ (၆၀)တင်းသာရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။ အခြားဝင်ငွေရ လုပ်ငန်းမှာ ငါးသလောက်ပိုက်မျှောခြင်း၊ တာတမံအတွင်း ရေချိုငါးဖမ်းခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများအနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများ နံဘေးရှိ စော်ကဲရိုးကို ပြန်လည်တူးဖော်မှု လုပ်ဆောင်လိုကြပါသည်။ အချို့သောမိသားစုများမှာ လယ်လုပ်ငန်းပြီးဆုံးချိန် အလုပ်အကိုင်ရှားပါးသောလများတွင် အခြားမြို့ရွာများသို့ ယာယီရွှေ့ပြောင်းလုပ်ကိုင်ကြ သည်။

စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကိုသာ အဓိကထားပြီး လုပ်ကိုင်သောကျေးရွာဖြစ်သောကြောင့် မိုးရာသီအချိန် တစ်ရွာလုံးနီးပါး အလုပ်အကိုင်ရှားမှု ကြုံတွေ့ရပါသည်။ မိုးတွင်းကာလသည် ဝမ်းစာဖူလုံမှုရှိသော ကျေးရွာဖြစ်ပါသည်။ မိုးဦးမိုးနှောင်း ကာလများတွင်ဖြစ်ရိုးဖြစ်စဉ် မုန်တိုင်းဒဏ်လေပြင်းများလည်း ခံစားရပါသည်။ ပြင်ပချေးငွေရယူသုံးစွဲသော ကာလဖြစ်ပါသည်။ ပြင်ပအခြေစိုက် ချေးငွေလုပ်ငန်းများ ရှိပါသည်။ အစိုးရချေးငွေလုံးဝမရှိပါ။ လှေ(၂၀)စင်း၊ စက်လှေ(၁၁၁)စင်း၊ စက်ဘီး(၄၉)စီး၊ မော်တော်ဆိုင်ကယ် (၃၁)စီးနှင့် ထော်လာဂျီ (၂)စင်း အိမ်ထောင်စု အသီးသီးမှ ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကျောင်းအား အထောက်အကူပစ္စည်းများဖြစ်ပါသည်။

ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူ ကြပါသည်။ တစ်ချို့သော အမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း အချို့ လုပ်ကိုင်သူများလည်းရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်း ရှိကြပါ သည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး နွားကောင်ရေ (၂၇) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၆) စုမှ (၉) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဆိတ် (၅) ကောင်၊ အိမ်ထောင်စု (၅၅) အိမ်မှ ဝက် (၁၁၃) ကောင်၊ အိမ်ထောင်စု (၈၆) အိမ်မှ ကြက် (၇၇၆) ကောင်၊ အိမ်ထောင်စု (၇၅) အိမ်မှ ဘဲ (၃၇၆)ကောင်နှင့် ရေချိုငါးဖမ်းလုပ်ငန်း အိမ်ထောင်စု(၄၀)အိမ် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ လက်သမား၊ ပန်းရံ လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျော်ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသသားငါးထွက်ကုန် မဟုတ်

သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာ တွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စု များသည် အခြားပုဂ္ဂလိကများမှ ငွေကျပ်(၁၀၀)အပေါ်လျှင် အတိုးနှုန်း (၃ကျပ်မှ ၁၀ကျပ် အထိ) အတိုးယူကြရကြောင်း တွေ့ရပါသည်။ လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ကေလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကေအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြ ပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိ သဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြ ပါသည်။ ကျေးရွာတွင် အစိုးရချေးငွေများ မရှိပါ။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်လှေပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်း ငယ်ရှိပါသည်။ ကျေးရွာတွင် လှေသမ္ဗာန် (၃၁) စီး၊ စက်လှေ (၈၀) စီး၊ စက်ဘီး (၁) စီး၊ ထော်လာဂျီ (၇) စီး၊ မော်တော်ဆိုင်ကယ် (၃) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ အတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် Save The Childrenအဖွဲ့မှ နာဂစ်လွန်ကာလမှ ဆောင်ရွက် ပေးထားသည့် လမ်းဘေးနှစ်အုတ်စီထားသောရွာတွင်းလမ်း(၁)လမ်းနှင့် မြေသား လမ်း (၁) လမ်းရှိပြီး ပတ်တာဘောင်အတွင်းနှင့်အပြင်းမှာ အိမ်များရှိနေသည့်အတွက် ၎င်းပတ်တာ ဘောင်ပေါ်မှ သွားလာနေသည့် လမ်း(၁)ရှိပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား (၂)စင်း ရှိကာ (၁၀၀'×၈'×၁၂')အတိုင်းအတာ တံတားအမှတ်(၁)တံတားမှအလှူရှင်နှင့် ကျေးရွာမှ

လုပ်အားများဖြင့် တည်ဆောက်ခဲ့ပြီး (၁၀၀'×၄'×၁၂')တံတားအမှတ်(၂)မှာ လွှတ်တော်ရန်ပုံငွေကျပ်(၁၀)သိန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ၊ လုပ်အားဖြင့်ပူးပေါင်း ဆောင်ရွက်ခဲ့သော ကွန်ကရစ်တံတားဖြစ်ပါသည်။ ၎င်းကွန်ကရစ်တံတား(၂)စင်းမှာ မြောင်းကူးတံတားများ ဖြစ်ကြပါသည်။ အလှူရှင်နှင့် ကျေးရွာမှ ပူးပေါင်းတည်ဆောက်ထားသော ဆိပ်ခံတံတားမှာ (၃၂၀'×၈'-၆"×၈')အတိုင်းအတာမှာ တည်ဆောက်ဆဲဖြစ်ပါသည်။ ကျေး၎င်းတံတားများ၏ သက်တမ်းမှာ (၂)နှစ်အောက်ဖြစ်သဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်ပါသည်။ သစ်သားတံတားမှာ (၂၀'×၆'×၁၂')အတိုင်းအတာရှိပြီး ပျက်စီးယိုယွင်းနေပြီး အသုံးပြု၍ မရနိုင်ပါ ပြန်လည် ပြုပြင်တည်ဆောက်ရန် လိုအပ်သော အခြေအနေဖြစ်ပါသည်။

ဆည်မြောင်းပတ်တာမှာ ပွင့်လင်းရာသီချိန်တွင် ကျွန်းပေါ်ရှိကျေးရွာများအား ကျေးရွာချင်းဆက်လမ်းအဖြင့် ဆက်သွယ်သွားလာနိုင်ပါသည်။ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းမမှီခြင်းကြောင့် လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်ပါ။ အချို့အိမ်ထောင်စုများမှာ ဆိုလာမီး၊ Batteryမီးကို အသုံးပြုပြကြပါသည်။ တီဗွီကြည့်ခြင်း မီးထွန်းခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင် မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်မီးနှင့် မီးသွေး စသည့် လောင်စာများကို အသုံးပြုရပါသည်။ သို့အတွက်ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်းဖွယ်ရာ ရှိနေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဇီးဖြူကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၂) လုံး၊ ရေဒီယို (၂၁) လုံး၊ တီဗွီ (၆) လုံး၊ ဂြိုလ်တုစလောင်း (၁၃)လုံး စသည်တို့ရှိသည့် အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာရရှိနိုင်သော ပစ္စည်းများအတွက် အသင့်အတင့်ကောင်း မွန်ပါသည်။

## ၆။ ပညာရေး

ကျေးရွာစာသင်ကျောင်းမှာ အလယ်တန်း(ခွဲ) ပညာရေးဖြစ်ပါသည်။ ကျောင်းသား ဆရာ/မ အချိုးမှာ သင့်တင့်မျှတသော အခြေအနေရှိပါသည်။ ကျေးရွာ၏ ပညာရေးအဆင့် အတန်းကို လေ့လာဆန်းစစ်ကြည့်လျှင် သင့်တင့်သော အဆင့်အတန်း တစ်ခုတွင်ရပ်တည် နေနိုင်သည်ဟု သုံးသပ်ရပါမည်။ ပင်မကျောင်းဆောင်သည် (၆၀'×၃၀'×၁၀') အတိုင်းအတာ ရှိသော အုတ်ခုံသစ်သားတိုင်း၊ အုတ်ညှပ်၊ သွပ်မိုးကျောင်းဖြစ်ပါသည်။ ကျောင်းသားဦး ရေစုစုပေါင်းမှာ(၁၀၅)ယောက်ရှိပြီး အစိုးရခန့်ဆရာ/မ(၇)ဦးရှိပါသည်။ ကျေးရွာတွင်ဘွဲ့ရ ပညာတက်လူငယ်များ ယခင်ကထက်နှိုင်းယှဉ်လျှင် ပိုမိုတိုးတက်လျက်ရှိပါသည်။ လက်ရှိ အနေအထားတွင် ပညာရေးကဏ္ဍအဓိက လိုအပ်ချက်များအဖြစ် ကျောင်းအဆောက်အဦ တိုးချဲ့ရန်၊ သင်ထောက်ကူပစ္စည်းများ၊ အားကစားပစ္စည်း၊ ကျောင်းသုံးပရိဘောဂများ လိုအပ်လျက်ရှိရပါသည်။ ကျောင်းသူ/သားများအား အားကစားကွင်းပြုလုပ်ရန် မြေနေရာရှိ သော်လည်း ပြုပြင်တည်ဆောက်ပေးရန် ပံ့ပိုးမှုများလိုအပ်ပါသည်။ ကျေးရွာတွင် မူလတန်း ပညာရေးမှ အလယ်တန်းပညာရေးအဆင့်ထိ ပညာသင်ကြားနိုင်သော်လည်း အထက်တန်း ပညာရေးအား ဘီတွတ်ကျေးရွာနှင့် လပွတ္တာမြို့သို့ သွားရောက်၍ ဆက်လက်ပညာ သင်ကြားရပါသည်။ တက္ကသိုလ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက်သင်ကြားရပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ မရှိပါ။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၇၅.၃) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက် သူများမှာ (၁၆.၉) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅.၂) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၆၁) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ မိုးရာသီတွင် ကလေးအများဆုံးဖြစ်သော ရောဂါမှာ သွေးလွန်တုတ်ကွေး ဖြစ်သည့် တခါတရံကျေးရွာများ၏ ကလေးငယ်စုစုပေါင်း ၅၀%နှုန်းမှ ၇၅%ထိ ဖြစ်ပွားသည့် နှစ်များ ကြုံခဲ့ဖူးပါသည်။ ကျန်းမာရေးဌာန၏ စီမံချက်အလိုက် ကာကွယ်ဆေးထိုးနှံခြင်းများ ပုံမှန်ရှိပါသည် သို့သော်လည်းရာသီအလိုက်ဖြစ်သော သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ အမျိုးသမီးရောဂါများ အခါအားလျော်စွာဖြစ်တတ်သော ပြင်းထန်လူနာများအား ကျေးရွာတွင် ကုသနိုင်သည့် အခြေအနေမရှိသောကြောင့် ရွာနှင်(၃)မိုင်ခန့်ဝေးသော ဘီတွတ်ပုဂ္ဂလိက ဆေးခန်းများနှင့် ရေမိုင်မ(၁၂)မိုင်ကွာဝေးသော လပွတ္တာမြို့(၃)မိုင်မှ ကုတင်(၂၀၀)ဆံ့ ဆေးရုံ

ကြီးများသို့ တက်ရောက်ကုသကြရသည်။ အရေးပေါ်လူနာများအတွက် ဘီတွတ်ကလေး နှလုံးကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ချိတ်ဆက်ဆောင်ရွက်ပို့ ဆောင်ပေးပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို မြေသားသောက်ရေကန်(၂)ကန်ရှိပါသည်။ (၁)ကန်မှာ UNDPမှ တူးဖော်ထားပါသည်။ ၎င်းကန်၏ ခြံစည်းရိုးများမှာ အရည်အသွေးညံ့ လှပါသည်။ ပြုပြင်ရန်လိုအပ်နေပါသည်။ ကျေးရွာလူဦးရေအနေဖြင့် သောက်သုံးရေမှာ လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၅၁.၉၅%)ရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင် စုမှာ (၄၉.၁၄%) ရှိပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ဇီးဖြူကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ သဲ၊ ကျောက်များကို သင်္ဘောဖြင့် ဝယ်ယူနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေနှင့် ငှက်မျိုးများ၊ ရေချို၊ ရေလုပ်ငန်း ငါးဖမ်းမျိုးစိတ်များရှိသည်ကို တွေ့ရပါသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုအားဖြင့်မရှိ သော်လည်း မိသားစုဝင်များ ဆင်းရဲမှုကြောင့် စောင့်ရှောက်မှု လိုအပ်လျှက်ရှိသော သက်ကြီး ရွယ်အိုများ ရှိနေပါသည်။ (၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား(၁၁)ဦး၊ မ(၁၀)ဦးမှာ မိသားစုစောင့်ရှောက်မှုရှိသော်လည်း မိသားစုနွမ်းပါးမှုကြောင့် ထိခိုက်လွယ်သော အခြေ အနေနှင့် ရင်ဆိုင်နေရသည်။ ငွေကြေးအခက်အခဲနှင့် စားဝတ်နေရေးအတွက် အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေရသော အိမ်ထောင်စုများ ရှိပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေ အခက်အခဲကြောင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုး၍ ရသောကြောင့် လယ်သမားများ စိုက်ပျိုးရေး အခွင့်အလမ်းနည်းပါးပါသည်။ မုန်တိုင်းကျ ရောက်ပါက ထိခိုက်လွယ်သောနေအိမ်များ ပျက်စီးကြပြီး မြစ်ကမ်းခြေဖြစ်သော်လည်း ဒီရေ တာတမံ ဇရိယာအတွင်းရှိသောကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများမရှိပါ။ အဓိက လောင်စာမှာ ထင်းအသုံးပြုမှုကို အဓိကထားသဖြင့် သစ်တောဖြုန်းတီးမှု လောင်စာရှားပါး မှုများ မြင့်တက်လျှက်ရှိသည်။ ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ သွားလာရသောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများလည်း ရှိပါသည်။

လူငယ်များအနေဖြင့် ငှက်ဖျားရောဂါနှင့် တီဘီရောဂါ ထိခိုက်သက်ရောက်မှု

အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှု မရှိနိုင်ပါ။ ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြင်ပသို့ သွားရောက် အလုပ်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

သဘာဝအရင်းအမြစ်ဖြစ်သော မြေဆီလွှာမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ဓါတုမြေသြဇာများ ကြာရှည်သုံးစွဲလာမှုကြောင့် မြေဆီလွှာပျက်ဆီးခြင်းများ အသင့်အတင့် တွေ့ရပါသည်။ ဖျက်ပိုးအန္တရာယ်မှာ သိသာသောပျက်စီးမှုများမရှိသော်လည်း ယခုအခါ ရွှေခရု အန္တရာယ်စိုးရိမ်နေရပြီးဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုတွင် အလေ့အကျင့် နည်းပါးခြင်းကြောင့် အန္တရာယ်ကျရောက်မှုတွင် အသင့်အတင့် ထိခိုက်မှုရှိနိုင်ပါ သည်။

### ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇီးဖြူကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လူဦးရေစစ်တမ်းကောက်ယူလေ့လာတွေ့ရှိချက်အရ ကျေးရွာသည် ကရင်လူမျိုး အနည်းစုရှိပြီး ဗမာလူမျိုးအများဆုံးနေထိုင်ကြပါသည်။ ကိုယ်ကွယ်သောဘာသာအားဖြင့် ဗုဒ္ဓဘာသာ(၇၅%)ရှိပြီး ကျန်(၂၅%)နှုန်းမှာ ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးများဖြစ်ကြပါသည်။ အိမ်ထောင်စုအားဖြင့် (၁၅၇)စုရှိပြီး လူဦးရေအားဖြင့် (ကျား-၃၄၅ ဦး၊ မ-၃၀၆ ဦး) စုစုပေါင်း (၆၅၁)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၄၅)ဦး၊ မ(၁၈၅)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၆.၀၅%) ရှိပါသည်။

ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကိုတွေ့ရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့်လပြတ်စသည့် လုပ်သားများ ငှားရမ်းလုပ်ဆောင်ကြပါသည်။ တစ်ရက်လျှင် လုပ်အားခအများဆုံးနှုန်းမှာ ကျပ်(၇၀၀၀ မှ ၁၀၀၀၀ ထိ ) နေ့စားခရရှိ၍ လယ်ယာလုပ်ငန်းခွင်ပြီးဆုံးချိန်များတွင် ကျပ် (၃၀၀၀ မှ ၅၀၀၀ ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်းနည်းပါကြပါသည်။

ကျေးရွာ၏ စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်ခြင်း မရှိသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။

ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဇီးဖြူကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းဘေးနှစ်ဘက်အုတ်စီခြင်း၊ သဲဖို့ခြင်းစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရေကန်ခြံစည်းရိုး ရရှိရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | စာကြည့်တိုက်ရရှိရေးစီမံချက် | ၃ |
| ၄ | ငွေကြေး | ချေးငွေဝန်ဆောင်မှု ရရှိရေးစီမံချက် | ၄ |
| | | | |
| | | | |
| | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| | |
|---|---|
| **ကျေးရွာ** | – ဇီးဖြူ |
| **ကျေးရွာအုပ်စု** | – မြစ်ပေါက် |
| **မြို့နယ်** | – လပွတ္တာ |
| **တိုင်းဒေသကြီး / ပြည်နယ်** | – ဧရာဝတီ |

**စီမံချက်အမည်** – အပေါ်ပိုင်း (၁) လမ်း (၄၆၀' × ၇' × ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းနှင့် (၄၈၀' ×၇' × ၆") အား လမ်းဘေးနှစ်ဘက်အုတ်စီခြင်း၊ သဲဖို့ခြင်းသို့ ဆင့်မြှင့်တင်ခြင်း။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိ အပေါ်ပိုင်း (၁) လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။
- ကျောင်းသား၊ကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။
- ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။
- သံဃာတော်များ ဆွမ်းခံကြွချိန်တွင် လမ်းအခြေအနေ ဆိုးဝါးစွာ ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်နေသောကြောင့် ဆွမ်းခုကြွရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
- သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင်မည်။

- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

ဇီးဖြူကျေးရွာအပေါ်ပိုင်း (၁) လမ်း (၄၆၀' × ၇' × ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းနှင့်

- (၄၈၀' ×၇' × ၆") အား လမ်းဘေးနှစ်ဘက်အုတ်စီခြင်း၊ သဲဖို့ခြင်းသို့ ဆင့်မြှင့်တင်ခြင်း။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၁,၀၀၀,၀၀၀ (ငွေသား) | • ကျေးရွာ |
| • ၄,၀၀၀,၀၀၀(ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၃၄၅ | ၃၀၆ | ၆၅၁ | ၁၀ | ၃၀ | ၅၀ | ၆၇ | ၁၅၇ |
| အကျိုးခံစားမည့်သူ ဦးရေ | ၃၄၅ | ၃၀၆ | ၆၅၁ | ၁၀ | ၃၀ | ၅၀ | ၆၇ | ၁၅၇ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ဇီးဖြူကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ရက်

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ဇီးဖြူကျေးရွာ အပေါ်ပိုင်း (၁) လမ်းအား ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့်ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ ရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

## ဇီးဖြူကျေးရွာ၊ မြစ်ပေါက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းစိုး | ဦးညွန့်ကြည် | ၁၄/လပတ(နိုင်)၂၁၁၀၁၁ | ၄၈ | ဥက္ကဋ္ဌ | ၀၉-၂၅၁၁၁၂၀၉၀၈ |
| ၂ | ဦးမြဝင်း | ဦးအေး | ၁၄/လပတ(နိုင်)၂၁၁၀၉၀ | ၅၇ | အတွင်းရေးမှူး | - |
| ၃ | ဦးမျိုးမင်းဦး | ဦးထော်နီ | ၁၄/လပတ(နိုင်)၁၂၉၁၃၉ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၄၉၅၅၉၉၄ |
| ၄ | ဦးရန်အောင် | ဦးဆန်းရှိန် | ၁၄/လပတ(နိုင်)၁၅၇၄၄၃ | ၃၄ | စာရင်းကိုင် | ၀၉-၈၉၄၈၄၂၂၅၆ |
| ၅ | ဦးလှဝေ | ဦးသိန်းစံ | ၁၄/လပတ(နိုင်)၀၈၄၆၂၅ | ၄၉ | အဖွဲ့ဝင် | ၀၉-၂၆၆၄၁၇၁၉၇ |
| ၆ | ဦးနိုင်စိုး | ဦးမြင့်သိန်း | ၁၄/လပတ(နိုင်)၂၀၄၄၁၄ | ၃၈ | အဖွဲ့ဝင် | ၀၉-၈၉၂၀၈၁၁၁၀ |
| ၇ | ဒေါ်စုမြတ်နိုး | ဦးဝင်းမြင့်ဦး | ၁၄/လပတ(နိုင်)၂၆၇၂၅၇ | ၂၂ | အဖွဲ့ဝင် | ၀၉-၄၀၂၁၃၃၄၅၈ |
| ၈ | ဒေါ်သင်းမိုးခိုင် | ဦးစိုးခိုင် | - | ၁၉ | အဖွဲ့ဝင် | ၀၉-၈၉၇၉၅၇၉၂၅ |
| ၉ | ဒေါ်ယုဝါအေး | ဦးခင်ဝင်း | ၁၄/လပတ(နိုင်)၂၆၁၄၂၈ | ၂၄ | အဖွဲ့ဝင် | ၀၉-၉၆၁၆၆၆၀၁၂ |
| | | | | | | |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၇ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၃ | ၂၉ | ၅၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၃၈ | ၇၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၆ | ၃၇ | ၆၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄၅ | ၁၈၅ | ၄၃၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၁၀ | ၂၁ |
| **စုစုပေါင်း** | | **၃၄၅** | **၃၀၆** | **၆၅၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၇** | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ဇီးဖြူကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လူဦးရေစစ်တမ်းကောက်ယူလေ့လာတွေ့ရှိချက်အရ ကျေးရွာသည် ကရင်လူမျိုးအနည်းစုရှိပြီး ဗမာလူမျိုးများဆုံးနေထိုင်ကြပါသည်။ ကိုယ်ကွယ်သောဘာသာအားဖြင့် ဗုဒ္ဓဘာသာ(၇၅%)ရှိပြီး ကျန်(၂၅%)နှုန်းမှာ ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးများဖြစ်ကြပါသည်။ အိမ်ထောင်စုအားဖြင့် (၁၅၇)စုရှိပြီး လူဦးရေအားဖြင့်(၆၅၁)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့ အရွယ်(၂.၁၅%) ၅နှစ်အောက်ကလေးငယ် (၇.၉၉%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၆၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၆.၀၅%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၃.၂၂%) ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၄၅)ဦး၊ မ (၁၈၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၆.၀၅%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၇ | ၅၇ | | မြင့်☐လတ် ■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉၀ | | | မြင့်☐လတ်☐နိမ့်■ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆၈ | | | မြင့်■လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်■ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | | ၆၀ | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | | | မြင့်☐လတ်☐နိမ့်■ |
| ၄ | **သစ်တောလုပ်ငန်** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |

၁

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | | | မြင့်☐လတ်☐နိမ့်■ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | မြင့်☐လတ်■နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | မြင့်☐လတ်■နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၅၀ | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၄၈ | ၁၂၇ | ၆၀ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ဓိးဖြူကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရ လုပ်ကိုင်သူ အိမ်ထောင်စုဝင်များ အားလုံး၏ အလုပ်အကိုင်အခွင့်အလမ်း အလားလာအနေအထားမှာ အသင့်အတင့်အဆင့်တွင်သာ ရှိသည်ကို တွေ့ရှိရပါသည်။**

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် | နေ့စား | ၇၀၀၀ | | ၅၀၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့် မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ် စသည့် လုပ်သားများငှားရမ်းလုပ်ဆောင် ကြပါသည်။ တစ်ရက်လျှင် လုပ်အားခ အများဆုံးနှုန်းမှာ (၇၀၀၀ မှ၁၀၀၀၀ ထိ) နေ့စားခရရှိ၍ လယ်ယာလုပ်ငန်းခွင်ပြီးဆုံးချိန်များတွင် ငွေကျပ် (၃၀၀၀ မှ ၅၀၀၀ ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင် အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ ကျပန်းအလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်နည်းပါးကြပါသည်။**

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၂၅.၈၃ | ကောင်း ☐ သင့်■ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၁ | ကောင်း ☐ သင့်☐ ညံ့ ■ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၉၂၆.၈၃** | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုမှာ (၉၂၅.၈၃)ဧကနှင့် ဓနိတောမြေမှာ(၁)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ စပါးသီးနှံအတွက် သင့်တင့်သော်လည်း အခြားသီးထပ် သီးနှံများစိုက်ပျိုးနိုင်ခြင်း မရှိပါ။ နွေစပါးစိုက်ပျိုး၍ ရနိုင်သော်လည်း စိုက်ပျိုးရေအခက်အခဲကြောင့် စိုက်ပျိုးခြင်း မရှိပါ။**

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ■ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ■ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း■ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း■ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ■ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ သဲ၊ ကျောက်များကို သဘော်ဖြင့် ဝယ်ယူနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနေနှင့် ငှက်မျိုးများနှင့် ငါးမျိုးစိတ်များ ရှိသည်ကို တွေ့ရပါသည်။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၂၀ကေမှ ၃၀ကေထိ | ၁၀ကေမှ ၂၀ကေထိ | ၅ကေမှ ၁၀ကေထိ | ၃ကေမှ ၅ကေထိ |
| အိမ်အခြေအနေ | သွပ်မိုး၊ ခနိကာအိမ် | သွပ်မိုး၊ ခနိကာအိမ် | ပျဉ်ခင်း၊ ခနိမိုး/ကာ | ဝါးအိမ်၊ ခနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ထော် လာဂျီ၊ စက်လှေ | ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်လှေ၊ လှေ | လှေ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ | စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဈေးရောင်း၊ | ကျပန်း၊ မွေးမြူရေး | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၁၀** | **၃၀** | **၅၀** | **၆၇** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကျေးရွာသည် အိမ်ထောင် စုအားဖြင့် (၂၅၇)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၆.၃၆%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၁၉.၁%)မှာ ဝင်ငွေအသင့်အတင့်ရသော စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင် အသက်မွေးကြပါသည်။ မပြေလည်သော**

**အိမ်ထောင်စု (၃၁.၈၄%)မှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် ကျပန်းဝင်ငွေရလုပ်ငန်းများ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၄၂.၇%)မှာ ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။**

